## ၁။သီးလုံးဖောက်ပိုး

**Cotton Bollworm: *Helicoverpa armigera* (Hübner, 1808)**

**Lepidoptera: Noctuidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





လောက်ကောင်သည် အစိမ်းရောင်သန်းသည့် အရောင်မှ အညိုရောင်အထိရှိသည်။ ခန္ဓာကိုယ်ပေါ်တွင် မီးခိုးညိုရောင် ဘေးတိုက်အဖြူရောင် အရေးအကြောင်းများပါရှိပြီး အနက်ရောင်နှင့် ပန်းရောင် အရစ်များလည်းရှိသည်။ အကောင်ကြီးသည် ခရမ်းနုရောင်ရှိပြီး ကြံ့ခိုင်သည့် ဖလံဖြစ်သည်။ ရှေ့တောင်ပံများသည် သံလွင်စိမ်းရောင်ရှိကြကာ ဗဟိုတွင် ညိုရင့်ရောင် စက်ဝိုင်းပုံ အစက်ပါရှိသည်။ နောက်တောင်ပံ များသည် မီးခိုးဖြူနုရောင်ရှိကြကာ အနားသား အပြင်ဖက်တွင် ကျယ်ပြန့်သည့် အနက်ရောင်ရှိ သည်။

### ဖျက်ဆီးပုံလက္ခဏာများ



လောက်ကောင်များသည် အရွက်များကို စားသောက်ကြပြီး ပန်းပွင့်များနှင့် ပန်းဖူးများကို ပိုမိုနှစ်သက်ကြသည်။ နူးညံ့သောရွက်ဖူးများကို စားသောအခါ ထပ်တူညီသော အပေါက်များ သို့မဟုတ် ဖြတ်ရာများကို မလိပ်သေးရသော ရွက်မွှာများတွင် မြင်တွေ့နိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၂–၄ )** ရက် |
| လောက်ကောင် အဆင့် | **– ( ၁၈–၂၅ )** ရက် |
| ရုပ်ဖုံး အဆင့် | **– (၆)** ရက် |
| အကောင်ကြီး အဆင့် | **– (၅–၂၄)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) နွေထယ်ရေးခံပါ။

(၂) အတန်း (၅–၆) တန်းတိုင်း ပဲစဉ်းငုံနှင့်သီးညှပ်စိုက်ပါ။

(၃)ဖျက်ပိုးကျရောက်မှု သိရှိရန်နှင့် ဖလံဖမ်း ရန် တစ်ဧကလျှင် အလင်း ရောင်ထောင် ချောက် (၁) ခုထောင်ပါ။

(၄) ဖျက်ပိုးကျရောက်မှုကို သိရှိရန်နှင့် ဖလံထီးများကို ထောင်ချောက်ဆင်ရန် တစ်ဧကလျှင် ဖီရိုမုန်း ထောင်ချောက် (၂)ခုထောင်ပါ။

(၅) ပဲစိုက်ပြီး (၄၀–၅၀)ရက်သားတွင်ထရိုင်ကိုဂရားမားနကျီ (*Trichogramma*) လွှတ်ပေးပါ။

(၆) ပင့်ကူများ၊ နှာတံရှည်နံ့ကောင်များ၊ ပုရွက်ဆိတ်များ၊ ပုဇင်းများ၊ လိပ်ခုံးကျိုင်းများ၊ ဇာတောင်ပိုး များကဲ့သို့သော ဇီဝထိန်းချုပ်ပိုးမွှားများကို ထိန်းသိမ်းပါ။

(၇)လိုအပ်ပါက ထိသေစားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့်

မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)
- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)